ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ၂၀၁၂ - ၂၀၁၃ ခု၊ ဘဏ္ဍာရေးနှစ် စစ်ကိုင်းတိုင်းဒေသကြီး၏ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ

၂၀၁၂–၂၀၁၃ ခု ၊ ဘဏ္ဍာရေးနှစ် စစ်ကိုင်းတိုင်းဒေသကြီး၏
နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ

(၂၀၁၂–၂၀၁၃ ခု ၊ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၁၅ ။)

၁၃၇၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက်
(၂၀၁၂ ခုနှစ် ၊ ဒီဇင်ဘာလ ၁၂ ရက်)

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

အခန်း(၁)

## အမည်နှင့် အကျိုးသက်ရောက်သည့်ကာလ

၁။ (က) ဤဥပဒေကို ၂၀၁၂–၂၀၁၃ ခု ၊ ဘဏ္ဍာရေးနှစ် စစ်ကိုင်းတိုင်းဒေသကြီး၏နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေဟုခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၂–၂၀၁၃ ခု၊ ဘဏ္ဍာရေးနှစ် အတွက် အကျိုးသက်ရောက်စေရမည်။

အခန်း(၂)

## နောက်ထပ်အသုံးစရိတ်များကို ခွင့်ပြုလျာထားပေးခြင်းနှင့် စီမံခန့်ခွဲခြင်း

၂။ (က) တိုင်းဒေသကြီးအစိုးရအဖွဲ့ ၊ တိုင်းဒေသကြီးလွှတ်တော် ၊ တိုင်းဒေသကြီးတရားလွှတ်တော် ၊ တိုင်းဒေသကြီး ဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊တိုင်းဒေသကြီး ဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီးအဆင့်အဖွဲ့အစည်းများ၊ စည်ပင်သာယာရေးအဖွဲ့များ နှင့် စပ်လျဉ်း၍ ဇယား (၁)၊ (၂)၊ (၃)၊ နှင့် (၄) တွင် ခွင့်ပြုထားသော သုံးငွေတို့အတွက် တာဝန် ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ် အသီးသီးသည် မိမိနှင့် ယှဉ်တွဲဖော်ပြထားသော သက်ဆိုင်ရာ သုံးငွေ များကို သုံးစွဲနိုင်သည်။

(ခ) ပုဒ်မခွဲ (က) တွင် ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းသည် ၂၀၁၂ ခုနှစ် ၊ နိုင်ငံတော်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေအရ ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းအပြင် နောက်ထပ်သုံးစွဲခြင်းဖြစ်သည်ဟု မှတ်ယူရမည်။

၃။ (က) ပုဒ်မ ၂ ပါ တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအားတာဝန်ပေးအပ်သည့် သုံးငွေကို စီမံခန့်ခွဲရန် မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ခ) သုံးငွေကို စီမံခန့်ခွဲရာတွင် ဤဥပဒေပါ ပြဋ္ဌာန်းချက်များ ၂၀၁၂ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

၁၂-၁၂-၂၀၁၂

(သာအေး)

ဝန်ကြီးချုပ်

စစ်ကိုင်းတိုင်းဒေသကြီး၊ အစိုးရအဖွဲ့

## တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်

ဇယား(၁)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၂ ခုနှစ် နိုင်ငံတော်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၁ | ၃ | စာရင်းရုံးများ | တိုင်းဒေသကြီး စာရင်းစစ်ချုပ် သို့မဟုတ် တိုင်းဒေသကြီး စာရင်းစစ်ချုပ်က တာဝန်ပေးသူ | ၁၄ .၆၈၈ | | | | | | |
| | | ပေါင်း | | ၁၄ .၆၈၈ | | | | | | |

## တိုင်းဒေသကြီးဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၂)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၂ ခုနှစ် နိုင်ငံတော်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်း သုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၁ | ၁ | **ပြည်ထဲရေး** | တိုင်းဒေသကြီး ဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ပေးသူ | **၁၀၄၉ .၆၅၉** | | | **၂၂၁ .၅၉၉** | | | |
| | | ၁။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | ၁၀၄၉ .၆၅၉ | | | ၂၂၁ .၅၉၉ | | | |
| ၂ | ၂ | **လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း** | ၎င်း | **၆၂၀ .၁၅၈** | | | **၃၄ .၇၃၀** | | | |
| | | ၁။ စိုက်ပျိုးရေးဦးစီးဌာန | | ၆၂၀ .၁၅၈ | | | ၃၄ .၇၃၀ | | | |
| ၃ | ၃ | **သမဝါယမ** | ၎င်း | **၁၃၀ .၆၅၀** | | | **၉၀ .၉၂၉** | | | |
| | | ၁။ သမဝါယမဦးစီးဌာန | | ၁၂၆ .၉၁၈ | | | ၉၀ .၉၂၉ | | | |
| | | ၂။ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | | ၃ .၇၃၂ | | | | | | |
| ၄ | ၄ | **မွေးမြူရေးနှင့်ရေလုပ်ငန်း** | ၎င်း | **၆၅ .၉၂၆** | | | | | | |
| | | ၁။ ငါးလုပ်ငန်းဦးစီးဌာန | | ၅၅ .၁၇၈ | | | | | | |
| | | ၂။ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | | ၉ .၇၄၈ | | | | | | |
| | | ၃။ ပျားလုပ်ငန်းဌာန | | ၁ .၀၀၀ | | | | | | |
| ၅ | ၅ | **ဆောက်လုပ်ရေး** | ၎င်း | **၁၃၃၆၅ .၅၆၁** | | | **၁၁၆၀ .၃၂၀** | | | |
| | | ၁။ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန | | ၁၆ .၁၁၇ | | | ၁၁၆၀ .၃၂၀ | | | |
| | | ၂။ အဆောက်အအုံ၊ လမ်းနှင့်တံတားများပြင်ဆင် ထိန်းသိမ်းခြင်း | | ၁၃၃၄၉ .၄၄၄ | | | | | | |
| ၆ | ၇ | **အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု** | ၎င်း | **၅၇ .၂၀၁** | | | | | | |
| | | ၁။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | ၅၇ .၂၀၁ | | | | | | |

## တိုင်းဒေသကြီးဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၃)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၂ ခုနှစ် နိုင်ငံတော်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၇ | ၉ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာ | တိုင်းဒေသကြီး ဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၁၀ ·၁၁၀ | | | | | | |
| | | ၂။ အပူပိုင်းဒေသစိမ်းလန်းစိုပြေရေးဦးစီးဌာန | | ၁၀ ·၁၁၀ | | | | | | |
| ၈ | ၁၁ | စည်ပင်သာယာရေးအဖွဲ့များ | ၄င်း | ၁၁၃ ·၀၃၂ | | | ၁၉၉၁ ·၅၄၇ | | | |
| | | ပေါင်း | | ၁၆၂၁၃ ·၁၇၇ | | | ၃၅၁၅ ·၁၂၅ | | | |

## တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

ဇယား(၄)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၂ ခုနှစ် နိုင်ငံတော်၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်း သုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၁ | ၃ | ဆောက်လုပ်ရေး | တိုင်းဒေသကြီး ဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | | ၂၀၃.၆၄၀ | | | |
| | | ၁။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း | | | | | ၂၀၃.၆၄၀ | | | |
| | | ပေါင်း | | | | | ၂၀၃.၆၄၀ | | | |